13:48 #5059 P.001

ပုံစံ(၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၇၀/၂၀၁၅)

| | |
|---|---|
| Mr. Zhang Gao Feng(ပိုင်ရှင်)<br>GIYAN Fashion Co.,Ltd ဓာပန်းထိုးစက်ရုံ၊<br>အမှတ်(၁၀၃)၊ ကျောက်စိမ်းလမ်း၊ သာဓုကန်<br>စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်ဖွန်ပွင့်သူလွင်ပါ(၁၂)ဦး<br>အမှတ်(၁၆၂၇/က)၊ သုခမိန်လမ်း၊<br>ဓါတု(၁၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ | လျှောက်ထားခြင်းခံရသူများ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာဓုကန်စက်မှုဇုန်၊ ကျောက်စိမ်းလမ်း အမှတ်(၁၀၃)ရှိ GIYAN Fashion Co.,Ltd ဓာပန်းထိုးစက်ရုံပိုင်ရှင် Mr. Zhang Gao Feng တို့ဖြစ်ပွားကြသော အငြင်းပွားမှုကို ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင် ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကအငြင်းပွားမှုအမှတ်(၁၀၉/၂၀၁၅)အရ ထိုအငြင်း ပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ပြန်လည် ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးပေးရန် တောင်းဆိုသည်မှဖြစ်ပွားလာသော အငြင်းပွားမှု ဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှအောက်ပါကောက်ချက်(၁)ချက်ပေါ် တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** GIYAN Fashion Co.,Ltd ဇာပန်းထိုးစက်ရုံမှ အလုပ်သမား မဖွန့်ပွင့်သူလွင်ပါ(၅)ဦးတို့အား ၎င်းတို့အား အလုပ်ရှင်မှ မတရား သဖြင့်အကြောင်းမဲ့ အလုပ်ထုတ်ခဲ့သောကြောင့် အလုပ်ပြန်ခန့်ထား ပေးပါရန်နှင့် ကြားကာလနစ်နာကြေးများကို ခံစားခွင့်ပြုပါရန် တောင်းဆိုခြင်းဖြစ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** မဖွန့်ပွင့်သူလွင်ပါ အလုပ်သမား(၅)ဦးတို့အား မူလရာထူး၊ မူလ လစာ၊ မူလလုပ်သက်မပျက်ဖြင့် အလုပ်ပြန်ခန့်ရန်နှင့် ကြားကာလ နစ်နာကြေးအား အလုပ်မှထုတ်ပယ်သည့်နေ့မှစ၍ အလုပ်ပြန်လည် ခန့်အပ်သည့်နေ့အထိ ရက်ပြည့်လုပ်သည့် နောက်ဆုံးထုတ်လစာ (OTမပါ )ဖြင့် ပေးရန်ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၁၀၉/၂၀၁၅)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှု မရှိသဖြင့် GIYAN Fashion Co.,Ltd ဇာပန်းထိုးစက်ရုံပိုင်ရှင် Mr. Zhang Gao Feng မှ ခုံသမာဓိကောင်စီသို့အယူခံလျှောက်ထားလာသဖြင့်အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီအမှု အမှတ် (၇၀/ ၂၀၁၅) အားကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဥက္ကဋ္ဌ ဦးသောင်းစိန်၊ အဖွဲ့ဝင် ဦးမော မောင်ဝင်း၊ အဖွဲ့ဝင် ဦးဌေးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ဤခုံအဖွဲ့သည် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများအပါအဝင် နှစ်ဖက်ထွက်ဆို ချက်မှတ်တမ်းများကို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကညှိနှိုင်းဖျန်ဖြေခဲ့သည့်အချိန်မှစ၍ ရန်ကုန် တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ကြားနာစစ်ဆေးမှုပြုခဲ့သည့်အချိန်အထိ ပြည့်စုံစွာလေ့လာ ခဲ့သည်။ အထောက်အထားမှတ်တမ်းများသည် အဆုံးအဖြတ်ပေးရန်အတွက် ပြည့်စုံလုံလောက် သည်ဟုယူဆသည့်အတွက် အောက်ပါကောက်ချက်ကိုရေးဆွဲ၍ စဉ်းစားသုံးသပ်ဆုံးဖြတ်ခဲ့ပါ သည်-

**ကောက်ချက်အမှတ်(၁)။** GIYAN Fashion Co.,Ltd ဓာပန်းထိုးစက်ရုံမှ အလုပ်သမား မဖွန်ပွင့်သူလွင်ပါ(၅)ဦးတို့အား ၎င်းတို့အား အလုပ်ရှင်မှ မတရား သဖြင့်အကြောင်းရှာ အလုပ်ထုတ်ခဲ့သောကြောင့် မူလအလုပ်တွင် ပြန်လည်ခန့်ထားပေးပါရန်နှင့်ကြားကာလနစ်နာကြေးများကို ခံစား ခွင့်ပြုပါရန် တောင်းဆိုခြင်းဖြစ်ပါသည်။

**သုံးသပ်ချက်အမှတ်(၁)။** မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် အကြိမ်ကြိမ်ညှိနှိုင်း ဆောင်ရွက် သော်လည်း တိုင်ကြားခဲ့သူ အလုပ်သမား (၁၂)ဦးအနက် ဖွန်ပွင့်သူ လွင်၊ ချိုပွင့်သူလွင်၊ မသင်းသင်းနိုင်၊ မရတနာနှင့် မမေဇင်မိုး တို့မှလွဲ၍ အတူတိုင်ကြားခဲ့သည့် ကျန်အလုပ်သမား (၇)ဦးဖြစ်ကြ သည့် မယုယုဝေ၊ မစိုးမာလာ၊ မခင်မာလာသက်မောင်၊ မဝါဝါရွှေ၊ မစန်းဦး၊ မမြသက်မွန်၊ မစန်းယု တို့သည်အလုပ်ခွင်ထဲသို့ပြန် လည် ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း ဤခုံအဖွဲ့မှ စစ်ဆေးတွေ့ရှိရပါသည်။

ယခုထိ အလုပ်ခွင်ထဲသို့ ပြန်လည်ဝင်ရောက်ရခြင်းမရှိသည့် အလုပ်သမား (၅) ဦးတို့အား တွေ့ဆုံစိစစ် စစ်ဆေးချက်အရ ၎င်းတို့ (၅)ဦးသည် လုပ်ငန်းခွင်အတွင်း အလုပ်ရှင်က သီးခြားခေါ်ယူခဲ့ပြီး နောက် ကတိခံဝန်ချက်များလက်မှတ်ရေးထိုးရန် စေခိုင်းခဲ့သည့် အတွက် မိမိတို့အနေဖြင့် မကျူးလွန်သည်ကို လက်မှတ်မထိုးနိုင် ကြောင်းငြင်းဆန်ခဲ့သဖြင့် လုပ်ငန်းခွင်မှ ထွက်ခွာစေခဲ့သည့်အတွက် ယခုကဲ့သို့ အလုပ်သမား(၅)ဦး(ဖွန်ပွင့်သူလွင်၊ ချိုပွင့်သူလွင်၊ မသင်း သင်းနိုင်၊ မရတနာနှင့် မမေဇင်မိုး)တို့မှ မူလအလုပ်အကိုင်များတွင် ပြန်လည် ခန့်ထားပေးပါရန်နှင့် ကြားကာလနစ်နာကြေးများကို ခံစားခွင့်ပြုပါရန်တိုင်ကြားခဲ့ရာ ခုံသမာဓိအဖွဲ့မှ အငြင်းပွားမှုအမှတ် (၁၀၉/၂၀၁၅)ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး အဆိုပါဆုံးဖြတ်ချက်အပေါ် အလုပ်ရှင် Mr. Zhang Gao Feng မှ ကျေနပ်မှုမရှိ၍ ခုံသမာဓိ ကောင်စီသို့ တင်ပြလျှောက်ထားခဲ့ခြင်းဖြစ်သည်။

အလုပ်ရှင်သည် မဖွန်ပွင့်သူလွင်ပါ(၅)ဦးတို့အား ဌာနဆိုင် ရာများသို့ တိုင်ကြားခဲ့သည်ကို အကြောင်းပြု၍ နို့တစ်စာ ထုတ်ပြန် ခြင်းမရှိဘဲနှုတ်မိန့်ဖြင့်သာ အလုပ်မှထုတ်ပယ်ခြင်းများကို ဆောင် ရွက်ခဲ့သဖြင့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းမရှိ

ကြောင်းနှင့် အခြားအလုပ်သမား(၇)ဦးတို့ကို မူလအလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်စေခဲ့ပြီး မိမိတို့ အလုပ်သမား(၅)ဦးတို့ကို သီး ခြား ကတိခံဝန်ချက်များ လက်မှတ်ရေးထိုးစေသည်ကို မနာခံ၍ အလုပ်မှထုတ်ပယ်ခဲ့ခြင်းဖြစ်သဖြင့် တရားမဲ့ပြုကျင့်သည်ဟု အလုပ် သမား(၅)ဦးတို့မှ မှတ်ယူခဲ့ကြောင်း သုံးသပ်ပါသည်။

အလုပ်ရှင်မှ အလုပ်ရပ်စဲမှု နစ်နာကြေးကို ဥပဒေနှင့်အညီ ခံစားခွင့်ပြုမည်ဖြစ်ပြီးအလုပ်ပြန်လည်မခန့်အပ်နိုင်ကြောင်းအထက် အကြီးအကဲများ၏ ညွှန်ကြားချက်များကို နာခံမှု မရှိဘဲအခြားသော အလုပ်သမားများကို စည်းရုံး၍ ဆန္ဒပြလှုံ့ဆော်မှု ပြုမည်ကို စိုးရိမ်၍ ယခုကဲ့သို့ အလုပ်ပြန်မခန့်ခြင်းဖြစ်ပါသည်။ စစ်ဆေးချက်အရ အလုပ်မှထုတ်ပယ်ထားကြောင်း အမိန့်စာကို တွေ့ရှိရခြင်းမရှိဘဲ နှုတ်မိန့်ဖြင့် အလုပ်မဆင်းစေသည်ဟု သုံးသပ်ပါသည်။ အလုပ်ရှင် နှင့် အလုပ်သမားတို့သည် တစ်ဦးနှင့်တစ်ဦး တင်ပြချက်များ၊ နစ်နာ ချက်များကို နားလည်မှုလွဲမှားပါက ယခုကဲ့သို့ တိုင်တန်းမှုကိစ္စရပ် များ ဖြစ်ပွားလေ့ရှိသဖြင့် တစ်ဦးနှင့်တစ်ဦး အသိတရားရှေ့ထား၍ သဘောထားကြီးစွာ ဆောင်ရွက်ပါမှ လုပ်ငန်းခွင်အေးချမ်းတိုးတက် မှုရှိနိုင်၍ ခွင့်လွှတ်နားလည်စွာဖြင့် အလုပ်ရှင်နှင့် အလုပ်သမားတို့ သည် ဥပဒေနှင့်အညီ စည်းမျဉ်း၊ စည်းကမ်းများကို ထိန်းသိမ်းလိုက် နာဆောင်ရွက်ကြပါက ယခုကဲ့သို့ တိုင်ကြားမှုကိစ္စရပ်များဖြစ်ပေါ် ခြင်း မရှိစေဘဲ လုပ်ငန်းခွင်အောင်မြင်တိုးတက်ရေးကို ရှေးရှုစေမည့် အလုပ်သမား(၅)ဦးတို့အား မူလအလုပ်အကိုင် ရာထူးများတွင် ပြန် လည်ခန့်အပ်ပြီး ဥပဒေနှင့်အညီ ခံစားခွင့်များပြုရန် သုံးသပ်ပါ သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၆-၁၂-၂၀၁၅ ရက်စွဲပါ အငြင်းပွားမှုအမှတ် (၁၀၉/၂၀၁၅) အပေါ် ချမှတ်ခဲ့သည့် ဆုံးဖြတ် ချက်အား ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်း ရေးနည်း ဥပဒေ ၂၃(င) အရ အတည်ပြုကြောင်း ဆုံးဖြတ်လိုက် သည်။

၇။ ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍အာဏာတည်စေရမည်။

၈။ အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို သတ်မှတ်ရက် အတွင်းပေး ရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေ ပုဒ်မ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံ ရမည်။

ဦးမောင်မောင်ဝင်း ၁၅.၁.၂၀၁၆
အဖွဲ့ဝင်

ဦးသောင်းစိန်
ဥက္ကဋ္ဌ

ဦးငွေ
အဖွဲ့ဝင်